## ထူးခြားထက်မြက်သော
## စပါးကြီးသည်းခြေအပင်အား လေ့လာခြင်း

အိအိထွန်း (သထုံမြို့)

စာတမ်းရှင်သည် စစ်တွေတက္ကသိုလ်၌ ပထဝီဘာသာရပ်ဖြင့် မဟာဝိဇ္ဇာတန်း တက်ရောက်သောအခါ မဟာဝိဇ္ဇာ ဒုတိယနှစ်၌ Project Paper ကို " An Analysis on Distribution of Herbal Plants in Sittway District: Case Study of Zapagyi thegyay , Alokyu and Turmeric Plants" ခေါင်းစဉ်ဖြင့် စပါးကြီးသည်းခြေအပင်၏ အကြောင်းကို တိုင်းရင်းဆေးပညာရပ်နှင့် ပထဝီပညာရပ်တို့ဖြင့် ပူးပေါင်း လေ့လာ ရေးသားခဲ့ခြင်းအား အခြေခံ၍ လည်းကောင်း၊ လူနာလက်တွေ့ကုသမှု အတွေ့အကြုံကို အခြေခံ၍လည်းကောင်း၊ တိုင်းရင်း ဆေးပညာ ဒေသနာနယနည်းကို အခြေခံ၍လည်းကောင်း၊ ရခိုင် ပြည်နယ်ဒေသမှ ဒေသခံ တိုင်းရင်းဆေးဆရာကြီးများ၏ ကိုယ်တွေ့ကုသမှု အတွေ့အကြုံများကို အခြေခံ၍ လည်းကောင်း၊ အချက်အလက်များကို စုဆောင်းခဲ့ပါသည်။

ထို့အပြင် စာတမ်းရှင်သည် ၂၀၀၀ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ တာဝန်ထမ်းဆောင်ခဲ့စဉ် ရခိုင်လူမျိုးတို့၏ ရိုးရာ ဆွေးစွမ်းကောင်းတစ်လက်ဖြစ်သော စပါးကြီး သည်းခြေပင်၏ အစွမ်းထက်မြက်မှုများကို သတိပြု လေ့လာခဲ့ပါသည်။ စပါးကြီး သည်းခြေသည် အစွမ်းထက်မြက်လှသဖြင့် အိမ်သုံးဆေးအဖြစ် ယနေ့တိုင် ရခိုင်ဒေသတွင် အသုံးများသော ဆေးပင်ဖြစ်ပါသည်။ စာတမ်းရှင်သည် ယခင်က စပါးကြီး သည်းခြေဆိုလျှင် စပါးကြီးမြွေ၏ သည်းခြေကိုသာ သိရှိပြီး စစ်တွေမြို့ကို ရောက်မှသာ စပါးကြီးသည်းခြေပင်ကို တွေ့ရှိရသဖြင့် အစွမ်းထက်မြက်၍ အလွန် စိတ်ဝင်စားဖွယ်ကောင်းသော စပါးကြီးသည်းခြေ အပင် အကြောင်းအား စာတမ်းအဖြစ် တင်ပြရခြင်းဖြစ်ပါသည်။